၂၆ ကြိမ်မြောက်သာမာန်တနင်္ဂနွေနေ့ အောက်တိုဘာ ၁ ရက် ၂၀၂၃

မာတေဦး ၂၁း ၂၈-၃၂

ကျွန်ုပ်တို့အယောက်တိုင်း တာဝန်ယူ တာဝန်ခံမှုရှိတဲ့ ခရစ်ယာန်ဘဝအသက်တာ လိုအပ်ပါတယ်။ ကျွန်ုပ်တို့အယောက်တိုင်းဟာ ကျွန်ုပ်တို့ရဲ့အပြုအမူတိုင်းအတွက် ဘုရားရှေ့မှာ တာဝန်ရှိပါတယ်။ တရားမျှတခြင်းရှိတဲ့ဘုရားဟာ ကျွန်ုပ်တို့ရဲ့ ပြုမူလုပ်ဆောင်ချက်အပေါ် မူတည်ပြီး ကျွန်ုပ်တို့ကို ဆုပေးမယ် ဒါမှမဟုတ် ဒဏ်ပေးမယ်။ ဒီလောကကနေ ထွက်ခွာသွားရမဲ့အချိန် အတိအကျမသိတဲ့အတွက် ဘုရားနဲ့မိတ်သဟာယဖွဲ့ခြင်းအခြေအနေမှာ အာမခံချက်ရှိနိုင်ဘို့ အဲဒီမိတ်သဟာယဖွဲ့ခြင်းအခြေအနေမှာ အမြဲတမ်းရှိပြီး ဘုရားကို ကျွန်ုပ်တို့ရဲ့အပြုအမူအားဖြင့် ဝန်ခံရမှာ ဖြစ်ပါတယ်။ မာတေဦး
၇း၂၁ ငါ့ကိုသခင် သခင် ဟုခေါ်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ဝင်ရမည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏အလိုတော်ကို ဆောင်ရွက်သောသူသာလျှင် ဝင်ရမည်။

ကျွန်ပ်တို့ကိုအားပေးဘို့၊ ဋ္ဌသားတွေရဲ့အားနည်းခြင်းကြောင့် ဘဝခရီးလမ်းမှာ ခလုပ်တိုက် လဲကျသွားသောအခါ ကျွန်ုပ်တို့ကို ပြန်လည်ထူမဘို့၊ ဘုရားဟာကျွန်ုပ်တို့နဲ့အတူ အမြဲရှိနေပါတယ်။ ဘုရားဟာ အခုဘဲကျွန်ုပ်တို့ကို ခေါ်ပါတယ်။ သူ့ရဲ့စပျစ်ဥယာဉ်မှာ အလုပ်လုပ်ဘို့၊ ကျွန်ုပ်တို့ဟာ ကိုယ်တော်ရဲ့ရှေ့မျက်မှောက်မှာ ဝန်ခံဂတိပြုဘို့ ကျွန်ုပ်တို့ကို ခေါ်နေပါတယ်။ ပြန်လည်သင့်မြတ်ခြင်းစက္ကရင်မင်တူးအားဖြင့် ကျွန်ုပ်တို့ရဲ့စိတ်နှလုံးကို သန့်စင်စေပြီး၊ စိတ်နှလုံးကို ခိုင်မာစွာဆုံးဖြတ်ပြီး ကျွန်ုပ်တို့ဂတိထားတဲ့အတိုင်း ကောင်းမွန်စွာ နေထိုင်လုပ်ဆောင်သွားနိုင်ဘို့ ကြိုးစားရမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့နှုတ်ကထွက်တဲ့

အပေါ်ယံစကားမဟုတ်ဘဲ၊ အပေါ်ယံသဒ္ဓါကြည်ညိုခြင်းသာလျှင်မဟုတ်ဘဲ စစ်မှန်သော ခရစ်ယာန်အပြုအမူများအားဖြင့် ကိုယ်တော်ရဲ့နောက်လိုက်များဖြစ်ကြောင်း ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဆင်ခြင်ဆင်လက်တွေပေးမဲ့အစား ဘုရားရဲ့သနားခြင်းကို ရှာကြရမှာဖြစ်ပါတယ်။ ကျွန်ုပ်ဘယ်လောက်အထိအပြစ်ရှိပြီးလဲ ကျွန်ုပ်သတိမထားမိတော့ဘူး၊ ကိုယ်လုပ်ရမဲ့အလုပ်၊ မိသားစုကိစ္စ၊ လူမှုရေးကိစ္စတွေများသွားတော့ တနင်္ဂနွေမစ္ဆားတရားအတွက်တောင် အချိန်မရှိတော့ဘူး၊ နတ်ဆိုးကဒါတွေကိုဖန်တီးပေးတာ၊ ဒါတွေဟာ ကွန်ပ်ရဲ့အပြစ်မဟုတ်ဘူး ဆိုပြီး ကျွန်ုပ်တို့ပြောတတ်ကြပါတယ်။ ဒါတွေဟာ ဘုရားရှေ့မှာ ခိုင်မာတဲ့ ဆင်ခြင်တွေမဟုတ်ပါဘူး။ အတိတ်မှာဘုရားကို ကျွန်ုပ်တို့မနာခံဘူးဆိုရင် အခုအချိန်မှာ ဘုရားရဲ့သနားခြင်းပွင့်လာအောင် တံခါးခေါက်ရမှာ ဖြစ်ပါတယ်။ သံမာတေဦး ဧဝံဂေလိကျမ်းမှာပါရှိတဲ့ အခွန်ခံသူနဲ့ ပြစ်တန်ဆာတို့ရဲ့အသနားခံခြင်းမျိုး၊ သံမာတေဦး၊ သံဩဂုတ်စတင်းနဲ့၊ ထောင်ပေါင်းများစွာသော ကျွန်ုပ်တို့မသိသေးတဲ့ အပြစ်သားတို့ရဲ့ပြောင်းလဲခြင်းတွေကို သတိရပြီး ကျွန်ပ်တို့ရဲ့အသက်တာကို ပထမသားတဦးကဲ့သို့ပြုပြင်ကြရမယ်။ ပြောင်းလဲဘို့အတွက် ဘယ်သောအခါမှ မနောက်ကျပါဘူး။

အပြစ်ဆိုတာ ကျွန်ုပ်တို့ရဲ့ရှိရမဲ့အဖြစ်အခြေအနေကို ပြန်လည်ချိုးဖောက်ခြင်းဘဲ ဖြစ်ပါတယ်။

တနင်္ဂနွေမစ္ဆားတရားကိုမတက်ရောက်နိုင်ခြင်း၊ အကြမ်းဖက်ခြင်း၊ ပစ္စည်းဥစ္စာခိုးယူခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်ခြင်း၊ လိမ်လည်ခြင်း၊ ရိုင်းစိုင်းစွာပြုမူနေထိုင်ခြင်း၊ ဒါတွေကို အပြစ်လို့ကျွန်ုပ်တို့ဆိုကြတယ်။ ဟုတ်ပြီ။ ဘာဖြစ်လို့လဲ။ သာသနာတော်က ဒါတွေဟာအပြစ်ပါဆိုပြီးပြောလို့၊

ဘုန်းကြီးကတရားဟောတဲ့အခါ ဒါတွေဟာအပြစ်ပါဆိုပြီးပြောလို့၊ မိဘဆရာတွေက ဒါတွေဟာအပြစ်ပါဆိုပြီးပြောလို့၊ အပြစ်အကြောင်း စာအုပ်ထဲမှာရေးထားလို့ ဒါတွေဟာအပြစ်ပါဆိုပြီး ကျွန်ုပ်တို့ပြောကြတာလား။

ဟုတ်ပါတယ်။ အပြစ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ မှားယွင်းနေလို့။ မကောင်းလို့။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရဲ့ချစ်ခြင်းမေတ္တာတော်ကို ငြင်းပယ်လို့။ လူတွေရဲ့သိက္ခာ၊ လူ့အခွင့်အရေး၊ လူတွေရဲ့ ရိုးသားဖြောင့်မတ်မှုကို တန်ဘိုးမထားလို့ဖြစ်ပါတယ်။ ဒါဟာ ဘာသာဝင်များရဲ့အပြစ်များသာမက၊ ဒီအရာများကိုကျူးလွန်တဲ့သူတိုင်းတို့ရဲ့အပြစ်ဖြစ်ပါတယ်။ အမှန်တရားနဲ့ ချစ်ခြင်းမေတ္တာအပေါ်အခြေခံတဲ့ ဘုရားနဲ့ကျွန်ုပ်တို့ရဲ့ဆက်ဆံဆက်နွယ်ခြင်းကို ချိုးဖောက်တဲ့အပြစ်က နာကျင်ခြင်းနဲ့ ဆုံးရှုံးခြင်းကိုဘဲ ကျွန်ုပ်တို့ကိုပြန်လည်ရရှိစေပါတယ်။ မည်သူ့ကိုမှ အပြစ်တင်ဘို့မရှိ၊ မိမိကိုယ်ကိုဘဲ ပြန်လည်အပြစ်တင်ရမှာ ဖြစ်ပါတယ်။

ဒီကနေ့ ပထမသားရဲ့ပုံရိပ်ကို ကျွန်ုပ်တို့ ဘယ်မှာမြင်တွေ့နိုင်သေးသလဲ။ နောင်တနဲ့ပြန်လှည့်လာသော သောက်စားမူးယစ်သူ၊ အားနဲ့ချို့တဲ့သူများဆီကို ချည်းကပ်သွားသော ဘာသာဝင်အဖွဲ့အစည်းများ၊ ဘာသာဝင်သိုးစုများကို နောင်တတရားသို့ ပြန်လည်ခေါ်ဆောင်သွားသော သိုထိန်းများ၊ ၁၀ ပို့တပို့ကို အတတ်နိုင်ဆုံးကြိုးစားပြီး သာသနာတော်တိုးတက်ထွန်းကားရေးအတွက် ပါဝင်သူများ၊ လက်ထပ်ထိမ်းမြားခြင်းမတိုင်မီ အပြုစင်ဆုံးအခြေအနေမှာ ရှင်သန်နေထိုင်နိုင်ဘို့ ဆုံးဖြတ်တဲ့လူငယ်လူရွယ်၊ ဒီလူတွေရဲ့ အသက်တာမှာ မြင်တွေ့နိုင်ပါတယ်။

ဒုတိယသားရဲ့ပုံရိပ်ကတော့ လိင်မှုကိစ္စ၊ ငွေကြေးကိစ္စ၊ ဩဇာအာဏာရှိရေးကိစ္စတွေနဲ့ပတ်သက်လို့ သခင်ဘုရားရဲ့သွန်သင်ချက်ကို မနာခံလိုခြင်း၊ တရားမျှတခြင်းနဲ့ သနားကြင်နာခြင်းကို လစ်လျူရှုတဲ့ ဘာသာဝင်အဖွဲ့အစည်း၊ အစရှိသည်တို့ဖြစ်ပါတယ်။ တိုတိုပြောရရင် ဘာသာဝင်ဘုရားသားသမီး အသွင်သဏ္ဍာန်က အပြင်မှာပေါ်ပြီး အတွင်းကျကျမှာတော့ ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်တာကို ဆိုလိုပါတယ်။

တကယ်တော့ ကျွန်ုပ်တို့ဟာ ပထမသားကဲ့သို့ အဖရဲ့စေခိုင်းတာကို လုပ်ပါမယ် နှုတ်နဲ့ဝန်ခံရမယ်၊ ဂတိပေးရမယ်။ လက်တွေ့မှာလည်း ဒုတိယသားကဲ့သို့ ကျွန်ုပ်တို့ရဲ့ဝန်ခံဂတိပေးချက်ကို အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။

လရဲ့ပထမဦးဆုံးသောရက်ကို ကျွန်ုပ်တို့နိုင်ငံတော်ရဲ့ ငြိမ်းချမ်းသာယာခြင်းအတွက် ဘုန်းတော်ကြီးများက မစ္ဆားတရားတော်မြတ်ကို တင်ပူဇော်ဆုတောင်းပေးရမယ်ဆိုပြီး ကျွန်ုပ်တို့ဆရာတော်ကြီးများအဖွဲ့ချုပ်က ချမှတ်ထားပေးသကဲ့သို့ ဒီကနေ့ မစ္ဆားတရားတော်မြတ်ရဲ့ ရည်ရွယ်ချက်ထဲမှာလဲ ကျွန်ုပ်တို့တိုင်းနိုင်ငံအတွက် အထူးတလည် သတိရဆုတောင်းပေးကြပါစို့။